
လွှန်းထားထား
ဆေးတက္ကသိုလ်
နှစ်ဦးသဘောတူ

အခန်း (၁)

## နှစ်ဦးသဘောတူ

လာသွားစို့

လက်တွဲကာ ရဲရင့်ရင်ဆိုင်

အန္တရယ်တွေကိုကျော်ဖြတ်

အဲ့ဒီလမ်းဟာ ဆူးခင်းထားပေမယ့်

နှစ်ဦးသဘောတူရင်

ပန်းပွင့်တွေကိုနင်းရသလိုပေါ့

နေရစ်တော့

လက်တွဲဖြုတ်မယ်ဆိုရင်

ခါးသက်တဲ့အဆိပ်တွေမျိုချလို့

မသေခင်အချိန်လေးအတွင်း

နှစ်ဦးသဘောတူရင်

မာနစစ်ပွဲတစ်ပွဲလောက် ခင်းလို့ရသေးတယ်၊

ဘာမဆို

ဘာတွေပဲလုပ်လုပ်

နှစ်ဦးသဘောတူရမယ်

ဒါပေမယ့် နောက်ဆုံးတော့

အားလုံးကို ချန်ထားခဲ့ပြီး

တစ်ယောက်တည်း သေဆုံးရမှာပ။

*

အချစ်ကို မျှော်လင့်တကြီးခံစားခဲ့သူအတွက

အချစ်ကို မျှော်လင့်ချက်ကင်းရှင်းနိုင်သူ့အတွက်

အချစ်ကို ကိုးကွယ်ခဲ့သူအတွက်

*

Gathering ပွဲကလေးတခုဟု နာမည်တပ်ထားခဲ့သော်လည်း တကယ်တမ်းမှာ အချစ်ဆုံးသူငယ်ချင်းသုံးယောက်ပြန်ဆုံတွေ့မည့်ပွဲကလေးသာဖြစ်သည်။ ဆယ်နှစ်ကျော်ကျော်ကွဲကွာသွားခဲ့သည့် သူငယ်ချင်းတွေ ပြန်တွေ့တဲ့တဲ့အခါ ဘယ်လိုနေမည်နည်း။ အရင်အတိုင်းပဲနေမှာပါ။ ငယ်ငယ်တုန်းကလိုပဲ ရုတ်ရုတ်သဲသဲ ၊ဗရုတ်ဗရက်နဲ့ တစ်ယောက်ကိုတစ်ယောက် လှောင်ပြောင်စနောက်လို့ ဆူးမှာမဟုတ်။ ငယ်ငယ်တုန်းက အလွန်ဆိုးသွမ်းဗရုတ်ကျခဲ့ကြသောဆယ်ကျော်သက်မိန်းခလေးဘဝကို ခုနေခါပြန်တမ်းတလို့ဘယ်လိုမှ မရနိုင်တော့တာသိသည်။ သို့ပေမယ့် ထိုဘဝလေးကိုခဏတော့ပြန်ရချင်သေးသည်။ ခဏလေးပါ။ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရမယ့်အချိန်လေးမှာတော့ တကယ့်ကိုပူပင်ကြောင့်ကြကင်းတဲ့ကလေးလိုတာ ပြန်ဖြစ်ချင်သည်။

ထိုအချိန်တွင်အိမ်တံခါးဘဲလ်သံကြားရသည်။

ဘာဘီကယူးလုပ်မည့်ကြက်ကောင်လုံးကို စားပွဲပေါ် ဒီအတိုင်းထားခပြီး အိမ်ရှေ့တံခါးဆီသို့ပြေးလွှားထွက်လာခဲ့သည်။ တစ်ယောက်ယောက်တော့ဖြစ်မည်။

အိမ်ရှေ့တံခါးကို ဆွဲဖွင့်လိုက်တော့ ဘယ်သူမှ ရှိမနေ။ ကြည့်စမ်း။ ချော ပြုံးလိုက်သည်။ ဒီလိုအကျင့်မျိုးဟာ တို့သုံးယောက်မှာပဲရှိခဲ့တာ။ တစ်ယောက်ယောက်တော့ရောက်နေပြီ။

" ဘယ်သူလဲဟေ့၊ ငါ့အိမ်တံခါးကိုခေါက်ပြီး ထွက်ပြေးတာ၊ အလေနတောကလေးတွေ၊ အုတ်ကြားမြတ်ပေါက်ကလေးတွေ၊လမ်းဘေးချေးပါ၊ အုတ်တိုင်သေးပန်းကလေးတွေ"

ရယ်သံနဲ့အော်ရင်း အိမ်ပတ်လည်ကို လိုက်ရှာသည်။ ဘယ်သူမှမတွေ့။ ငယ်ငယ်တုန်းကဆို ချောတို့သုံးယောက်သား သူများတကာတွေရဲ့အိမ်တံခါးတွေကို လိုက်ခေါက်ပြီး ထွက်ပြေးနေကြမြင်ကွင်းကလေးကို တဖျတ်ဖျတ်ပြန်မြင်ရောင်လာမိသည်။ အဲ့တုန်းက မီနီစကတ်တိုတိုကလေးတွေနဲ့ ဗိုက်နှိပ်ကာရယ်မောပျော်ရွှင်နေခဲ့ကြသော အချစ်ဆုံးသူငယ်, ကလေးတွေ။

တံခါးကိုပြန်ပိတ်လိုက်ပြီး မီးဖိုချောင်ထဲဝင်လာခဲ့သည်။ စားပွဲပေါ်တွင် တင်ထားခဲ့သော ကြက်ကောင်လုံးကြီးမရှိတော့ချေ။

"ကြည့်စမ်း၊ ဘယ်သူလဲဟေ့၊ မိတေးလား၊ မိမန်းလား၊ ထွက်ခဲ့စမ်းဟာ၊ ငါတွေ့ချင်လှပြီ"

နောက်ဖေးတံခါးက တစ်ထပ်အိမ် ပုပုပြားပြားကလေးဖြစ်ရာ ခြံထဲကပတ်ပြီး မီးဖိုချောင်ဘက်က လှည့်ဝင်လာဟန်တူပါသည်။

"ဟေ့ကောင် ထွက်ခဲ့ဆို"

"ဝါ၊ းဟား ဟား"

ရုတ်တရက် ကြက်ကောင်ကြီးနဲ့ ပစ်အပေါက်ခံလိုက်ရသဖြင့် ချော

အလန့်တကြားထ, ခုန်အော်လိုက်မိကာကြက်ကောင်ကြီးကို အမိအရဖမ်းယူပွေ့ဖက်လိုက်ရသည်။

"ဟာကွာ၊ ကြက်ညီနံ့တွေပေကုန်ပြီကွာ၊ ကြည့်စမ်း၊ မိတေး"

ရေခဲသေတ္တာအကွယ်မှ တဟားဟား အော်ရယ်နေသော "တေးနုယဉ်" ။ ချော ဂမ်းသာအားရပြေးသွားကာ နှစ်ယောက်သားတင်းကြပ်စွာဖက်ပွေ့ချီမြှောက်လိုက်ကြသည်။ အကျယ်ကြီးအော်ရယ်လိုက်ကြသည်။

"ကြည့်စမ်း၊ မိတေးမရယ်၊ အသားတွေညိုလိုက်တာတော့၊ ဒါပေမဲ့ ပိုလှလာတယ်ဆရာ"

"မန္တလေးသူဖြစ်နေပြီ ချောရဲ့၊ လှလာတာကတော့မပြောနဲ့၊ ငါ့သမီးနဲ့ငါယှဉ်တွဲသွားရင် ဘယ်သူကမှသားအမိလို့ မထင်ဘူး၊ ညီအစ်မပဲမှတ်တာ၊ ဟီဟိ"

"အေးပါ၊ ထင်ပါတယ်"

"မိမန်း မလာသေးဘူးလား၊ အဲ့ဒီမိန်းမက အမြဲပဲ နောက်ကျပြပါလိမ့်မယ်"

"သူ့ဌေးကတော်ဆိုတော့လည်း ဒီလောက်တော့ရှိမှာပေါ့ဟယ်၊ သူ့မင်္ဂလာဆောင်ကို ညည်းရောက်မလာလို့ သူ အကြီးအကျယ်စိတ်ဆိုးနေတယ်နော်၊ တွေ့တာနဲ့ မြှောက်ထား၊ ပင့်ထား"

"အေး၊ ငါ့မှာ အဲဒီ ချိန်တုန်းက ဘယ်လောက်ယောက်ယက်ခတ်နေသလဲဆိုတာ ပြောပြချင်ပါတယဟယ်၊ ပြီးတော့ နင်တို့အကြောင်းတွေလဲ ငါ သိချင်တယ်၊ ငါ ထွက်သွားပြီးတဲ့နောက်ပိုင်း နင်တို့ဘာတွေဆက်ဖြစ်ကြသလဲဆိုတာပေါ့၊ နင်ရော၊ ကိုခန့်နဲ့

လက်မထပ်ဖြစ်တဲ့အကြောင်းတွေ ပြောပြဦး”

“ပြောမှာ၊ ပြောမှာ၊ ပြောစရာတွေ ရင့်နဲ့အပြည့်ပဲ”

အဲဒီ နောက် ကားဟွန်းသံအကျယ်ကြီး ကြားရသည်။

“ဟော၊ ဟိုကောင်လာပြီ”

နှစ်ယောက်သား တံခါးဂဆီပြေးဖွင့်လိုက်ကြသည်။ နောက်ဆုံးပေါ်နံပါတ်နှင့် မာစီဒီး(စ်)ကားကို ကိုယ်တိုင်မောင်းလာသော “မန်းမန်းမေ”။

“ကြိုဆိုပါတယ် သဌေးကတော်”

သုံးယောက်သား ကလေးတွေပြန်ဖြစ်သွားကာ ဖက်ပွေ့နမ်းရှုံကြပြီး အော်ရယ်ကြသည်။

“သူဌေးမ, က လှလိုက်တာ၊ တသွေးတမွေးနဲ့တော့၊ မိကျောင်းသရေလက်အိတ်ကြီးနဲ့ သဌေးမ, ကြီးရုပ်ကိုပေါက်နေတာပဲ၊ ဟဲ့ မန်း၊ ကလေးဘယ်နှစ်ယောက်ရပြီလဲ၊ ငါ့မှာ သမီးတစ်ယောက် သားနှစ်ယောက်နော်၊ ပေးစားကြမယ်”

“သမီးတစ်ယောက်တည်းပါဟာ၊ ဆိုးလိုက်တာ အရမ်းပဲ၊ နင့်သား ချာလပတ်လည်သွားမယ်၊ ဘယ်လိုပုံစံမျိုးလဲသိလား၊ ငါတို့ငယ်ငယ်က ပုံစံမျိုးဟော့၊ ရှုလိုက်တာကြွပ်နေတာပဲ၊ စိတ်ကုန်တယ်”

“ဟော့၊ မိမန်းကားကြီးကို ငါတို့ငယ်ငယ်တုန်းက လုပ်သလိုလေ၊ ဂျုံနဲ့ကြက်ဥအနှစ်တွေရောနယ်ပြီး ဝိုင်းသုတ်ပေးလိုက်ရအောင်”

သုံးယောက်သားဝိုင်းရယ်လိုက်ကြရင်း၊ ဆယ်ကျော်သက်ဘဂကလေးတွေကို ပြန်သတိရသွားကြသည်။အဲဒီ တုန်းက အိမ်သုံးအိမ်က ကပ်ရက်၊ မန်းမန်းအိမ်နဲ့ချောအိမ်က ကပ်ရက်၊

တေးအိမ်ကမျက်နှာချင်းဆိုင်။ ညထွက်ချင်ရင် တစ်ယောက်နဲ့တစ်ယောက် ပြတင်းပေါက်ကနေ လက်နှိပ်ဓာတ်မီးနဲ့ ဖွင့်လိုက်ပိတ်လိုက် အချက်ပြပြီး၊ အိမ်ကနေ ခိုးထွက်ကြ၊ ကြက်ဥအနှစ်နဲ့ ဂျုံမှုန့်တွေနယ်ထားတဲ့ဇလုံကြီးကို ချောက သယ်လာ။ လမ်းမမှာ သုံးယောက်ဆုံပြီး ကိုယ်အမြင်ကတ်တဲ့အိမ်ကကားတွေမှာ လိုက်သုတ်လိမ်းနေကျ။သုံးယောက်ဆုံလျှင် လူတကာကို ချောက်ချနေကျ။ ကားနောက်ဘန်ဘာကနေ ကြိုးနဲ့ဆွဲချည်ကာ နို့ဆီခွက်တွေစုချည်ထားတာမျိုး။ အဲ့ဒီကားကထွက်သွားရင်နို့ဆီခွက်သံတွေ ဂလုံးဂလွမ်းနဲ့ ကြားရတာ ကိုက အရသာရှိလွမ်းလှသည်။သုံးယောက်သား ဈေးထဲသွားပြီး အချည်ထုပ်မြင်လျှင် အလစ်သုတ်ပြေးပြီး စားနေကျ။ အဲ့ဒီအရွယ်မှာ ဘာကိုမှ မကြောက်ခဲ့၊ ရှက်ရကောင်းမှန်းလည်းမသိခဲ့။ ချောက ဆံပင်တွန့်လိမ်ကောက်ကွေးကလေးနဲ့ အရုပ်ကလေးကို ပြောင်စပ်စပ်ကြောင်စီစီ။ မန်းမန်းက ဆံပင်ရှည်ရှည်၊ ကျစ်ဆံမြီးနှစ်ဖက်ကျစ်ကာ မျက်မှန်ကလေးနဲ့ မှန်ကြောင်လို့အမြဲအခေါ်ခံရသူ။ သုံးယောက်ထဲမှာ တေးက ရုပ်အချောဆုံး၊ ချစ်စရာအကောင်းဆုံး ဟုမြင်သူတကာက ပြောရလောက်အောင် ဖြောင့်ဖြောင့်စင်းစင်းဆံပင်နက်နက် အိအိကလေးတွေ ကျောလည်မှာ၊ တဖြာဖြာဝဲကာ ကိုယ်ကိုအထင်အကြီးဆုံး။ အားလုံးထဲမှာ ဆရာအလုပ်ချင်ဆုံး။

“ငါတော့ ငယ်ဘဝကိုပဲ ပြန်လိုချင်တယ်ဟာ၊ ဘဝကို အသစ်ကပြန်စချင်တယ်”

မန်းက တွေတွေဝေဝေလေးပြောလိုက်လျှင် သုံးယောက်သားနှုတ်ဆိတ်သွားသည်။

“လာပါ၊ မီးဖိုချောင်ထဲသွားရအောင်၊ ဘာဘီကယူးရယ်၊ ပန်းသီးဝိုင်ရယ်၊ နောက် ပုဇွန်ထုပ်တွေ ကင်မယ်၊ နင်တို့ ဘာစားချင်သေးလဲ”

“ငါ အသားလိပ်ကြော်ပေးမယ်၊ ချောကလက်ဖျော်ရည်လုပ်ပေးမယ်”

"ဒါလောက်ဆို တော်ပါပြီဟယ်၊ ခြံထဲမှာ စားပွဲနဲ့ ခုံတွေခင်းပြီး စားကြသောက်ကြတာပေါ့၊ ငါ နင်တို့ကို ပြောစရာတွေ အများကြီးပဲ ရှိတယ်၊ လောကကြီးကသိပ်ဆန်းယ်တြဲ့အကြောင်းတွေပေါ့ဟယ်"

"လောကကြီးက ဆန်းကြယ်တာထက်၊ မာယာများတာဟဲ့"

"မဟုတ်ပါဘူး၊ လောကကြီးက လျှို့ဝှက်ချက်တွေ၊ အပြောင်းအလဲတွေ စုစည်းထားတဲ့သေတ္တာကြီးတလုံးနဲ့ တူတာပေါ့"

လောကကြီးကို တစ်ယောက်တစ်မျိုး ထင်မြင်ချက်ပေးရင်း ကြက်ကို ဆားတေးမှုန့်၊ အကင်မှုန့်၊ ငရုတ်ဆီမှုန့် စသဖြင့် ယိုးဒယားကလာသောအထုပ်ကလေးတွေထဲမှအမှုန့်မျိုးစုံနဲ့ သုတ်လိမ်းပြီး ဗန်းထဲထည့်ပြီး OVEN ထဲ ထည့်ထားလိုက်သည်။ အသားကင်ဆက်က သူ့အလိုလိုပြင်ပေးပြီး ကျက်လာလျှင် ခလုတ်နှိပ်လိုက်ရုံပင်။ မွှေးအိနုဖတ်သောအသားကင်နှင့် ပန်းသီးဝိုင်သည် အလိုက်ဖက်ဆုံးဖြစ်သည်။

"ခဏနေ ကျက်သွားလိမ့်မယ်၊ မိမန်းက ချောကလက်ဖျော်မယ်ဆို၊ ဖျော်လေ၊ ဖရစ်(ချ်)ထဲမှာ ချောကလက်တွေရှိတယ်"

ပန်းသီးဝိုင်တွေကို ဖန်ချိုင့်ကြီးထဲထည့် စားပွဲပေါ်သွားတင်။ ပန်းကန်နှင့် ဇွန်းခရင်း၊ ခါးတွေ သုံးယောက်စာ ချပေးထားလိုက်သည်။

"ငါတို့ဘဝတွေကနော်၊ တစ်ယောက်တစ်မျိုးပြောင်းလွှသွားလိုက်ကြတာ၊ မပြောင်းလဲတာဆိုလို့ ချောပဲ"

"အံမာလေး၊ ငါ့ဘဝလောက်ပြောင်းလဲတာ ငါ့ဘဝပဲ ရှိပါတယ်ဟယ်၊ ငါ ပြောပြပါ့မယ်၊ ငါ အခုအပျိုကြီးဖြစ်နေတာ ဘာဖြစ်လို့လဲ သိလား"

"ယောကျာ်းမယူလို့ပေါ့ဟဲ့"

"မဟုတ်ဘူး၊ လောကကြီးက မာယာများလွန်းလို့"

ချောက တစ်ခုခုကို ပြန်တွေးပြီး နာကြည်းလာသလို မျက်လုံးတွေစိမ်းလာကြသည်။

"ငါတို့ သိသလောက်က နင်နဲ့ ကိုခန့်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြတယ်လေ"

"နင်တို့ မသိတဲ့အပိုင်းတွေ ကျန်သေးတယ်"

"ကဲ၊ ဒါဆို နင့်အကြောင်း အရင်စ,ပြော"

ငယ်ငယ်တုန်းကတော့ ပြောစရာတွေ သုံးယောက်စလုံးမှာ အတူတူရှိကြလျှင် ကျားမိုလ်စွဲပြီး ပြောနေကျပါ။ အခုတော့ ချောအကြောင်းကို ပို စိတ်ဝင်စားကြတာမို့ ချောကို ဦးစားပေးလိုက်ကြသည်။

အချစ်ဆုံးသူငယ်ချင်းသုံးယောက်ထဲမှာ ချောက ပထမဦးဆုံး စပြီးစွံခဲ့တာဖြစ်သည်။

"ကဲ၊ ခြံထဲဆင်းကြမယ်၊ ခစလေးစောင့်လိုက်မယ်ဟာ၊ အသားကင်က ဆယ့်ငါးမိနစ်ပဲ၊ ပုဇွန်ကင်ပါ တစ်ခါတည်းရမယ်"

"အေး၊ ဒါဖြင့် ခဏစောင့်ကြတာပေ့ါ၊ ငါက တေးကို စိုးရိမ်တာ၊သင်းက ငါတို့တားမြစ်နေတဲ့ကြားက ဗညနဲ့လိုက်ပြေးသွားတာ၊ မိတေးတော့မှားပြီးလို့ တဖွဖွပြောနေရတယ်၊ ငါ မင်္ဂလာဆောင်မှာ၊ နင်ရောက်မလာနိုင်တာကို ငါ ဝမ်းအနည်းဆုံးပဲ မိတေး"

"အေးပါဟယ်၊ အဲဒီ တုန်းက ငါ့ဘဝကြီးက တကယ့်ကို ကျိုးလန့်စာစားဖြစ်နေတာ၊ မိဘတွေကလဲ သဘောမတူ၊ သူငယ်ချင်းတွေကလဲ သဘောမတူတဲ့ လူဆိုးလေးနဲ့ ထွက်ပြေးရတဲ့ဘဝကို နင်တို့ တွေးကြည့်စမ်း၊ ငါ့အတွက်တော့ သည်းထိပ်ရင်ဖို စွန့်စားခန်းတခုပါပဲ"

"ဒါပေမဲ့ နင် ပျော်နေခဲ့တယ်မဟုတ်လား တေး"

"သိပ်ပျော်တာပေ့ါ၊ ငါက သူ့ကို သိပ်ချစ်တာကိုး"

“သိပ့်၊ သိပ့်၊ မုန်းစရာကောင်းလောက်အောင်ကို တားမနိုင်စီးမရဖြစ်ခဲ့တာတွေလေ၊ ဗညနဲ့ပက်သက်ပြီး ငါတို့အမြဲရန်ဖြစ်ကြရတယ်လေ”

“အေးပေ့၊ အဲဒီ းတုန်းက င့ါဗညက နင်တို့ရဲ့ ကိုခန့်တို့ ကိုငယ်တို့ နဲ့ယှဉ်လိုက်ရင် အဆိုးဆုံး၊ အော့ကြောအလန်ဆုံး ဂျစ်ပစီလေးဖြစ်ခဲ့တာကိုး”

တေးရဲ့မျက်လုံးတွေထဲမှာတော့ အဲဒီ အတွက် ဘယ်တော့မှ နောင်တ,မရတတ်သည့် အရိပ်တွေ အမြဲစို လက်တောက်ပြေင်နေခဲ့သည်။

စတွေ့ကတည်းက တေးက သူ့ဘဂကို ပြင်ဆင်ကြည့်မယ်၊ သူ့ဘဂတခုအောင်မြင်ဖြစ်မြောက်သွားအောင် ငါလုပ်ပြမယ်လို့ ကြွေးကြော်ခြင်းနဲ့ စခဲ့တာလေ။ တေးက ဆရာလုပ်ချင်တဲ့သူ၊ အရာရာက စမ်းသပ်ချင်တဲ့သူလေ။

“ဟော၊ ဘာဘီကယူး ရပြီ”

ချောက OVEN တံခါးကိုဆွဲဖွင့်ကာ အငွေ့တထောင်းထောင်းထ, ကာ မွှေးပျံ့နေသော ကြက်ကောင်လုံးကင်၊ ပုဇွန်ထုပ်ကင်တွေ ဆွဲထုပ်ယူပြီး ပန်းကန်တွေထဲ လှလှပပ ထည့်ယူသည်။

ပန်းကန်တွေသယ်မ,ပြီး ခြံထဲထင်းလာခဲ့ကြသည်။

“ဘာဘီယူးက မွှေးလိုက်တာဟယ်၊ အိမ်က သားသားနဲ့ မီးမီးကသိပ်ကြိုက်တာ၊ ဗညလည်း သိပ်ကြိုက်တာ”

တေးက ကိုယ့်မိသားစုကို ဘယ်တော့မှ မေ့လျော့တတ်ပုံမရ။ အမြဲ သတိတရ ရှိတတ်ပုံရသည်။

“ဒီညတော့ င့ါအိမ်မှာပဲ အိပ်ကြနော်၊တစ်ညလုံး စကားတွေပြောကြမယ်၊ မိတေးရော၊ မန်းမန်းရော ရတယ်မဟုတ်လား”

“ရတယ်လေ၊ ငါက ဗညနဲ့ အတူ မန္တလေးကထွက်လာတာ၊ ငါ

တစ်ညအိပ်မယ်ပြောထားတယ်၊ ဗညက သူ့အိမ်ပြန်အိပ်ပြီး မနက်ကျမှ ငါ့ကိုလာကြိုမှာ”

“အံ့မယ်၊ ဒီကိုလာဖို့အတွက် နင့်ကို သူက ကြိုပို့ လိုက်လုပ်ပေးတယ်ပေါ့လေ၊ ငါဖြင့် ပြင်ဦးလွင်ကနေ ဒီကို တစ်ယောက်တည်း ကားမောင်းလာခဲ့ရတာ ပါဟယ်၊ သူက ငါ့ကို လိုက်ပို့ရကောင်းမှန်းလည်း မသိပါဘူး၊ ငါ သူ့ကို သိပ်မုန်းတာပဲဟယ်၊ ဒါကြောင့် ငါပြောတာ၊ လောကကြီးက လျို့ဝှက်ချက်တွေ ကပြောင်းလဲတွေ စုထည့်ထားတဲ့သေတ္တာကြီးတစ်လုံးနဲ့ တူတာပါလို့ ...

သူ ဒီလောက် ပြောင်းလဲတတ်၊ လျို့ဝှက်တတ်မှန်းသိရင်၊ ငါ သူ့ကိုမယူခဲ့ပါဘူးဟယ်၊ ငါ သိပ်မှားခဲ့တယ်”

မန်းမန်းက ခုချက်ချင်းပဲ ငိုချတော့မလို၊ အံ့မှိုင်းညိုမှောင်လာသောမျက်နှာဖြင့် ပြောသည်။

သုံးယောက်သား လည်ပင်းဖက်ကာ ခြံထဲဆင်းလာခဲ့ကြသည်။

“တက္ကသိုလ်တတ်တဲ့ ပထမနှစ်နဲ့ ဒုတိယနှစ်က ပျော်စရာသိပ်ကောင်းတာပဲနော်၊ ငါတို့ကလဲ တကယ်ကလေးစိတ်မကုန်ကြသေးဘူး၊ အဲဒီ တုန်းက မိတေးက အီကိုကွင်းတောင်ရလိုက်သေးတယ်”

“ဟုတ်တယ်၊ မိတေးက သိပ်ပေါ်ပြူလာဖြစ်တာ၊ ဗညနဲ့စတွေ့တာက တတိယနှစ် မိန်းထဲရောက်မှနော်”

“ဟုတ်တယ်၊ ငါတို့သုံးယောက်လုံး ဘဝတွေ ပြောင်းလဲခဲ့တာက၊ တတိယနှစ် မိန်းထဲရောက်မှ”

“ရည်းစား ပထမဆုံး စ, ထားတာက ချောလေ၊ မှတ်မိသေးလား၊ ငါတို့ သုံးယောက်ဒီလောက် တစ်ယောက်ကို တစ်ယောက် မျက်စိအောက်က

အပျောက်မခံလောက်အောင် ပူးကပ်နေတဲ့ကြားက စပြီး ကျိတ်ပုန်းခုတ်တာ၊ ချော ဖျတ်ခနဲ ပျောက်သွားလို့ ငါ တို့နှစ်ယောက်လိုက်ရှာရတာ လေ၊ နောက်တော့ အင်းလျားကန်ဘောင်ပေါ်က ခုံတန်းမှာ ထီးနဲ့ကွယ်ပြီး ထိုင်နေကြတာကို သွားမိတာ၊ ငါက ခပ်ပြောင်ပြောင်နဲ့ ရှေ့ကသွားကုန်းကြည့်လိုက်တာ၊ ကွိခနဲပဲ”

အဲ့ဒီတုန်းကအချိန်ကို ပြန်မြင်ယောင်ကာ၊ သုံးယောက်သား ရယ်မောလိုက်ကြသည်။ ချောမျက်နှာက အဲ့ဒီတုန်းကသူခိုးလူမိခဲ့ရသဖြင့်ရှက်ကြောက်ရငတုန်နေတာများ မမေ့နိုင်စရာ။

*

“Latrine ဝင်မယ်ဆိုပြီးပျောက်သွားတာပဲ၊ ငါ ဘယ်သိမှာလဲဟဲ့၊ သူနဲ့ငါ အတူတူဝင်တာမှ မဟုတ်တာ”

“ကဲ၊ ဒါဖြင့် လာ၊ တံခါးတွေကို လိုက်ခေါက်ပြီး ချောလားလို့မေးမယ်၊ အိမ်သာတွေထဲမှာ မရှိတော့ရင် ဒီကောင် ငါတို့ကို မလှိမ့်တစ်ပတ်လုပ်သွားပြီပဲ”

နှစ်ယောက်သား နှာခေါင်းကိုယ်ဆီပိတ်ကာ အိမ်သာတံခါးတွေကို တစ်ခုချင်းလိုက်ခေါက်ပြီး

“အထဲက ချောလား”

ဟုအော်မေးကြသည်။ တော်တော်ကြောင်စီစီနိုင်ပြီး တော်တော်ဗရုတ်ကျတဲ့အလုပ်ပဲဖြစ်သည်။ အိမ်သာထဲက တံခါးကိုပြန်ထုသူကထု၊ ချော မဟုတ်ဘူး ၊ ဘယ်သူပါဟု ပြန်ဖြေသူကဖြေ။ အိမ်သာခန်းတွေသာကုန်သွားသည်၊ ချော အသံကို မကြားရ။

“သေချာပြီ၊ ဒီကောင် ဘယ်အချိန်လစ်ထွက်သွားပါလိမ့်”

“ဒီကောင် တစ်ယောက်ယောက်နဲ့ပါသွားတာပဲဖြစ်မှာ၊ ကဲဘယ်မှာ လိုက်ရှာမလဲ”

“ကဲန်တင်းမှာ အရင်ရှာမယ်၊ မတွေ့ရင်၊ အင်းလျားကန်ဆောင်းဘက်အထိရှာမယ်”

“အိုကေ၊ ငါတို့ကို ဒါမျိုးလူလည်ကျသွားလို့ကတော့ ဘယ်ရမလဲ၊ဟင်း ဟင်း”

နှစ်ယောက်သား ကဲန်တင်းမှာရှာကြသည်။ မတွေ့။ အင်းလျားကန်စောင်းအထိလိုက်ရှာသည်။ အင်းလျားကန်ဘောင်ရိုးကခုံတန်းတွေမှာ အတွဲတွေထိုင်နေကြသဖြင့် မရှက်မကြောက်ပင် အရှေ့ကဖြတ်ကာ လိုက်ရှာသည်။

“ဟဲ့၊ ဟိုအမိုးအပွင့်နုပ်နုပ်ကလေးက ချောရဲ့ထီးဟဲ့၊ ငါမှတ်မိတယ်”

“ဒါဖြင့်၊ငါရှေ့ကသွားပြီးကြည့်မယ်”

တေးကခပ်သွက်သွက်လျှောက်သွားကာထိုစုံတွဲရှေ့ကဖြတ်ပြီး ကုန်းကြည့်လိုက်တော့မှ အားပါး ထိုစုံတွဲမှာ ချောနဲ့ သူ့အတွဲအသစ်ကျပ်ချွတ်။

“ကြည့်စမ်း၊ bullshit ငါတို့ဖြင့် ရှာလိုက်ရတာ ၊ ချော၊ နင်တော်တော်ဆိုပါလား၊ ငါတို့ကို လူလည်ကျသွားပြီး၊ ရည်စားနဲ့ လာချိန်းတွေ့နေတယ်၊ အရှူးမ၊ နှစ်ပြားတန်မ၊ ဖယ်၊ ငါတို့ပါထိုင်မယ်”

“ကဲ၊ မိတ်ဆက်ပေးစမ်း”

တေးနဲ့ မန်းက ခုံကျပ်ကျပ်ကလေးမှာ အတင်းတိုးပြီးဝင်ထိုင်လိုက်သဖြင့် ဘေးအစွန်ရောက်သွားသော ချောရဲ့လူကြီးမှာ ခုံပေါ်ကပြုတ်ကျတော့မလိုဖြစ်နေသဖြင့် ခြေထောက်နှင့်အတင်းကျကန်ထားရပါသည်။

“မိတ်ဆက်ပေးပါ့မယ်ဟယ်၊ ဒီနေ့မှာ ငါ သူ့ကိုအဖြေပေးရတာ ပါ၊

နင်တို့သိရင် နှေက်ယှက်နေမှာစိုးလို့ လစ်ထွက်လာရတာ ပါ၊ အခုမှ အဖြေပေးပြီးကာစပဲ ရှိပါသေးတယ်”

“ဟင်း ဟင်း၊ ဘာဖြစ်လို့ ထီးကြီးနဲ့ကွယ်ထားရတာ လဲ”

“ဒါကတော့၊ ဒါကတော့ လူမြင်မှာ စိုးလို့ပါဟယ်”

“သေချာပါတယ်နော်”

“သေချာပါတယ်၊ သူ့နာမည်က ကိုခန့်မွန်ပါ၊ ငါ့ကိုကြိုက်နေတာကြာပါပြီ၊ ဖုန်း၊ ဖုန်းချင်းပဲ အဆက်အသွယ်ဖြစ်နေတာပါ၊ သူက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်”

“နင်၊ ငါတို့ကို လျှိုထားတယ်”

“မလျှိုပါဘူးဟယ်၊ ပြောမလို့၊ ပြောမလို့လုပ်တိုင်း နင်တို့က ရည်းစားမထားသေးတော့၊ ငါက စ,ထားရမှာ၊ ရှက်၊ ရှက်နေသေးလို့ပါ”

“အေး၊ ရှက်ရင် ဟိုတယ်လ်တစ်ခုခုမှာလိုက်ကျွေး၊ အစားဝင်မှ အသိအမှတ်ပြုမယ်၊ ရှင်းတယ်နော်၊”

“ရှင်းတယ်၊ ရှင်းပါတယ်၊ ကိုခန့်၊ ကိုခန့်လိုက်ကျွေးရအောင်နော်”

“ကျွေးရမှာပေ့ါ၊ ကျွေးပါတယ်၊ ချောသူငယ်ချင်းတွေဆိုတော့၊ ကျွန်တော့်သူငယ်ချင်းတွေပဲပေ့ါ”

ကိုခန့်ကားနှင့် အားလုံးလိုက်သွားကြကာ၊ ဝိုင်းဝန်းစားသောက်ခဲ့ကြသည်။ လူကလည်း ရည်ရည်မွန်မွန်၊ အိတ်အနက်ကြီးချိုင်းကြားညှပ်ကာ၊ ချောထက် ဆယ်နှစ်ပိုကြီးသော ကိုခန့်ကို ချောရဲ့လူအဖြစ် အသိအမှတ်ပြုလိုက်ကြသည်။

ကိုခန့်ပေးတဲ့ လက်ဆောင်တွေ၊ အစားအသောက်တွေကို ချောက တေးနှင့်မန်းမန်းအတွက်အမြဲဝေစုခွဲပေးလေ့ရှိသဖြင့် ကျေနပ်ကြသည်။

“ကိုယ့်ထက်အသက်ပိုကြီးတဲ့လူနဲ့ချစ်ရတော့၊ ကိုယ်က ချွဲချင်တိုင်းချွဲလို့ရတယ်ဟဲ့၊ သူက အတွေ့အကြုံပိုများတော့ ငါ့ကို ကလေးတစ်ယောက်လို ဆက်ဆံတယ်၊ ငါ့ကို သိပ်ချစ်တာပဲ၊ ငါလိုချင်တာ အားလုံးလည်း သူက ဖြည့်ဆီးပေးတယ်”

ချောက ပြောခဲ့သည်။ တေးနှင့်မန်းမန်းကလည်း ချော ချစ်သူအရွေးတော်တယ် လို့ မှတ်ချက်ပေးခဲ့ကြသည်။ ချော ကံကောင်းတယ် လို့အမြဲပြောခဲ့ကြသည်။ ကိုခန့်က ချောကို သိပ်ချစ်ပါသည်။

*

# အခန်း (၂)

“ကြက်ကင်လေးက စားလို့ကောင်းလိုက်တာဟယ်၊ နှုအိနေတာပဲ၊ ဗညကို ကင်တဲ့စက် ဝယ်ခိုင်းဦးမှ၊ ကဲ၊ ကဲ ဆက်ပြောပါဦး၊ ဒုတိယ ရည်းစားရတာက မန်းမန်း၊ ငါမှတ်မိပါသေးတယ်၊ ကိုယ်က ဆရာဝန်လောင်းလေ၊ သိပ်ကို Decent ဖြစ်တာ၊ ကိုယ်နဲ့ မိမန်းကို သိပ်လိုက်တဲ့စုံတွဲကလေးလို့ လူတိုင်းက ငေးမောခဲ့ရတာ ”

“အခုတော့ အဲ့ဒါတွေကို ပြန်းတွေးရင်၊ တကယ့်အိပ်မက်တစ်ခုလိုပါပဲဟာ၊ မိန်းမတစ်ယောက်ဟာအိမ်ထောင်ပြုတယ်ဆိုတာ၊ ထီးထိုးသလိုပဲဟ”

“အို၊ နင့်လောက်ကံကောင်းတာရှိဦးမလား မိမန်းရဲ့၊ ဆရာဝန်လည်းဆရာဝန်၊ မိဘတွေကလည်း ဆရာဝန်ကြီးတွေပဲ၊ ပြင်ဦးလွင်က ဒိတ်ဒိတ်ကြဲ သဌေးတွေလေ၊ နင်ပဲ ငါ့ကိုအမြဲဆုံးမခဲ့တာ မှတ်မိသေးလား၊ ကိုယ်နဲ့ ဗညကို ယှဉ်လှက်ရင် နွံ့သာဆီနဲ့အီးလိုပဲဆိုတာလေ”

“အင်းပေါ့၊ လူတိုင်းက ငါ့ဘဝဟာ ရွှေဘုံပေါ်မှာစံနေတဲ့ ရွှေမင်းသမီးလို့ပဲ ထင်ကြမှာပေါ့၊ ငါ့ဘဝကို အားကျလိုချင်ကြမှာပေါ့၊ ဒါပေမယ့် ငါကတော့ ငါ့ဘဝကို ဘယ်တော့မှ မကျေနပ်ခဲ့ဘူး၊ အဲ့ဒါကလည်း ကိုယ့်ကိုသိပ်ချစ်ခဲ့လို့ပါ၊

သူ့ကိုသိပ်ချစ်တော့ သူ့ဆီက အများကြီးမျှော်လင့်ခဲ့တယ်”

“အေးလေ၊ နင် လောဘသိပ်ကြီးနေတာဆိုရင်တော့ မပြောတတ်ဘူး၊ ကျောင်းတုန်းကတော့ ကိုယ်ဆိုတာ မိန်းမတွေ သည်းသည်းလှုပ်ခုံမင်ခဲ့ကြတဲ့ ideal ယောကျ်ားတစ်ယောက်ပဲ၊ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပဲ၊ သူ့ကိုဝိုင်းကြိုက်ကြတဲ့ မိန်းမတွေအများကြီးထဲက၊ နင့်ကိုမှ သူက ရွေးချစ်ခဲ့တော့ နင်က ကံအကောင်းဆုံးမိန်းမဖြစ်ခဲ့တယ်လေ”

“ဟုတ်ပ့ါ၊ နင်တို့စုံတွဲဖြတ်လျှောက်သွားရင်
လူတွေငေးမကြည့်ပဲမနေနိုင်ကြဘူး၊ နင်တို့ကို အားမကျပဲ မနေနိုင်ကြဘူး”

“ဟုတ်ပါတယ်၊ ငါလဲ အဲ့ဒီအချိန်လေးတွေကိုပဲ ပြန်လိုချင်နေတာပါ၊
အဲ့ဒီတုန်းက သူ ငါ့ကို အရူးအမူးဖြစ်ခဲ့တာပါနော်”

*

မန်းမန်းနဲ့ ကိုငယ် စ,တွေ့တာ၊
ကျောင်းရဲ့ဈေးရောင်းပွဲတော်ကလေးတွင်ဖြစ်သည်။ မန်းက ဝက်သားတုတ်ထိုးကို
တာဝန်ယူရောင်းရသည်။

“လာနော်၊ လာနော်၊ ဝက်သားတုတ်ထိုးလေးတွေ အားပေးကြနော်၊
ဆွေမျိုးမေ့သွားစေရမယ်”

မန်းက အသံပြဲပြဲနှင့် ပေါက်တတ်ကရတွေအော်သဖြင့်
သူ့ကိုဝိုင်းရယ်နေကြသည်။ သို့ပေမယ့် သူအဲ့ဒီလိုအော်တာက ထိရောက်ပါသည်။
သူ့အသံကြောင့်
ကောင်းလေးတွေကစ,ရင်းနောက်ရင်းပြောင်ရင်းဖြင့်ဝင်စားသွားတတ်သောကြောင့်ဖြ

အဲ့ဒီအထဲမှာ ကိုငယ်တို့အုပ်စုလည်းပါသည်။ သူတို့ကိုယ်သူတို့
ဆေးကျောင်းသားတွေမှန်းသိအောင် ဝက်ကလီစာတွေကို Medical terms တွေနှင့်
တစ်ယောက်တစ်ပေါက်အော်ဟစ်လျက်ရှိသည်။

“ trachea ရှိလားဟင်”

“ဘာလဲ trachea”

“လေပြွန်လေ၊ အရိုးနု”

အဲ့ဒီမှာ ရွှေရောင်မျက်မှန်အောက်က မျက်လုံးနှစ်လုံး စူးရှစွာခလုတ်တိုက်မိကြသည်။

"Placenta ရှိလားဟင်"

"လာပြန်ပြီ၊ ဘာ Placenta လဲ"

"ဟာဗျာ၊ အချင်းတိုင်ကိုပြောတာ"

"မရှိဘူး၊ Liver ရယ် Lung ရယ် intestine ရယ်ပဲရှိတယ်"

မန်းက သူသိသမျှ ပြန်ရွတ်တော၊ ဆေးကျောင်းသားတွေ တဝါးဝါးပွဲကျသွားလေသည်။

"ဟာ တော်တယ်ဗျာ၊ ကျွန်တော်က ကိုကိုငယ်ပါ၊ ဆေးကျောင်းနောက်ဆုံးနှစ်ပါ"

"အဲ့ဒါတွေ ဒီမှာ မရောင်းဘူးရှင့်"

"နာမည်လေးရယ်၊ ဖုန်းနံပါတ်ရယ် ရောင်းပါလားဟင်"

"လာနောက်မနေနဲ့နော်"

"အကောင်းပြောတာပါ၊ ညီမလေးက အရမ်းသွက်တာပဲ၊ ဘယ်လိုခေါ်ရမလဲဟင်"

"မန်းမန်းမေ၊ ဖုန်းနံပါတ်တော့ မပေးဘူး"

"မန်းမန်းမေ၊ ကိုကိုငယ်၊ နာမည်ကအစ လိုက်တယ်ကွာ"

မန်း အသံတိတ်သွားသည်။ သူတို့အုပ်စုထဲမှာတော့ ကိုကိုငယ်က အချောမောဆုံး၊ အသန့်ပြန့်ဆုံးဖြစ်သည်။ ရွှေကိုင်းမျက်မှန်အောက်မှ မျက်လုံးညိုညိုကလေးများသည် အကြင်နာကြီးတတ်မည့်ဆရာဝန်တစ်ယောက်လို နူးညံ့သိမ်မွေ့နေသည်။

ကိုကိုငယ်က မန်းအနားက မခွာတော့။ တုတ်ထိုးတွေ တစ်ပွဲပြီးတစ်ပွဲမှာ၊ သူ,မစားဘဲ သူ့သူငယ်ချင်းတွေကို ဒိုင်ခံကျွေးပစ်ပြီး၊ မန်းမျက်နှာကို အရိပ်တကြည့်ကြည့်လိုက်ကြည့်နေတော့သည်။ မန်းရယ်ရင် သူပါ လိုက်ရယ်သည်။

"မန်းမန်း၊ အီကိုမေဂျာကနော်၊ လာလည်ရင် နှင်လွှတ်မှာလားဟင်"

"ဟာ၊ ဘယ်လိုဖြစ်နေတာလဲ၊ ဆီမန်းမန်းသလိုပဲ တတွတ်တွတ်နဲ့"

"လာလည်ရင် မုန့်လိုက်ကျွေးမှာလားလို့။ ကိုယ်ကဆေးရုံကနေထွက်လာရမှာ၊ အမောတကောနဲ့ လာရပြီးမှ မန်းမန်းက မသိချင်ဟန်ဆောင်နေရင် အမောပိုဆို့မှာပေ့ါကွာ"

"မသိဘူး၊ မသိဘူး"

"ဟာ၊ ဘယ်လိုများဖြစ်နေလဲ၊ ဒေါကန်လာပြီ"

"လာလည်မယ်နော်"

"လာမလည်နဲ့"

သို့သော် နောက်နေ့ကစ,ပြီး ကိုကိုငယ်က မန်းမန်းတို့ အတန်းရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပါတော့သည်။ သူတို့အုပ်စုကြီး အတန်းပြင်ကနေ

စုရုံးစုရုံးနှင့် မန်းမန်းကို လာလာရှိတ်နေတာ တစ်တန်းလုံးက ရိပ်မိရတဲ့အထိပါပင်။ မန်းမန်းတို့ သွားရာနောက်လိုက်သည်။ မန်းမန်းတို့မကျွေးဘဲ မုန့်တွေအတင်းဝင်စားသည်။ သူ့ပုံစံက မန်းကို အရှုးအမူးစွဲလမ်းနေသောပုံပေါက်နေသဖြင့် သူငယ်ချင်းတွေက မန်းအတွက် ကျေနပ်ဂုဏ်ယူခဲ့ရသည်။ ကိုယ်လာလျှင်ကောင်မလေးတွေ သူ့ကိုဝိုင်းငေးမောကြရတာ ကို မန်းတို့ မျက်မြင်ပဲဖြစ်သည်။

ဖြူဖြူသန့်သန့်ရုပ်ရည်ကလေးနှင့် အဝတ်အစားဝတ်တာကအစ

သပ်ရပ်ဖြူစင်သူ၊ ဆရာဝန်လောင်းတစ်ယောက်၊ ပြီးတော့ စီးတဲ့ကားက မာစီဒီး(စ်)၊ မန်းကိုကြိုက်သမျှ ယောကျ်ားတွေထဲမှာတော့ကိုငယ်က အပြည့်စုံဆုံး အကောင်းမွန်ဆုံးလူတစ်ယောက်ဖြစ်သည်။ မန်းကလည်းသူ့ဘက်အတော်ယိုင်နွဲ့နေပြီ။

သိပ်မကြာခင်တွင် ကိုငယ်က မန်းကို ချစ်ခွင့်ပန်သည်။

"မန်းကို ကိုယ်သိပါချစ်တာပါ၊ ကျောင်းပြီးတာနဲ့ လက်ထပ်ယူချင်ပါတယ်"

လို့ လေးလေးနက်နက်ပြောခဲ့တော့၊ မန်းသည်ကိုယ့်ကိုယ်ကို ကံအကောင်းဆုံးမိန်းမတစ်ယောက်ပါလားဟု ဘဝင်တောင်မြင့်ချင်သွားခဲ့၏ ။ အင်းလေ၊ သူကဆရာဝန်တစ်ယောက်ဆိုတော့ အရာရာကို ပေ့ါပေ့ါတန်တန် ဘယ်သဘောထားတတ်မလဲ။ လေးနက်ချာတဲ့အလုပ်မျိုးတွေပဲ သူလုပ်မှာပေ့ါ။

ကိုငယ်က သူ့အကြောင်းတွေပြောပြသည်။ အားလုံးက မန်းအတွက် ဂုဏ်ယူဝမ်းမြောက်စရာတွေချည်း။

"ကိုယ့် ဒက်ဒီက ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မာမီက မီးယပ်သားဖွားအထူးကုဆရာဝန်မ,ကြီး၊ ကိုယ်ကလဲ Surgeon ပဲ လုပ်မှာ မန်းရဲ့၊ ကိုယ့်မိဘတွေက ပြင်ဦးလွင်မှာ၊ ကိုယ့်အဘွားက ရန်ကုန်မှာ၊ ရွှေတောင်ကြားရပ်ကွက်ထဲမှာလေ၊ ကိုယ်က မန္တလေးဆေးကျောင်းမတက်ချင်ဘူး၊ ဆေး (တစ်) တက်ချင်တာနဲ့ အဘွားနဲ့လာနေပြီး ကျောင်းတက်တာ၊ အဘွားက ကိုယ့်ကို သိပ်ချစ်တာ၊ ကိုယ်လိုချင်တာအားလုံး အဘွားက လိုလေသေးမရှိ ဖြည့်ဆည်းပေးတယ်၊

ကျောင်းပိတ်မှ ကိုယ် ပြင်ဦးလွင်ပြန်တယ်၊ ကိုယ်ကျောင်းပြီးတော့မယ်၊ ကျောင်းပြီးတာနဲ့ မန်းကို လက်ထပ်မယ်၊ House Surgeon ပြီးရင်လေ"

ကိုငယ်က ရည်မှန်ချက်သိပ်ကြီးသည်။ သူ့ရဲ့အနာဂါတ်ကို

ဘယ်လိုတည်ဆောက်မလဲဆိုတာကို အမြဲပြောပြသည်။ မန်းသည် ကိုငယ့် အချစ်ကိုရသည့်အတွက် မယုံနိုင်လောက်အောင် ဝမ်းသာကြည်နူးရပါသည်။ ဒီလောက်ချစ်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို ငါတောင်ချစ်မြတ်နိုးသေးတာ၊ တခြားမိန်းမတွေလဲချစ်ကြမှာပဲ ဟု တွေးမိသောအခါ သဝန်တိုတတ်လာလေသည်။

"ကိုငယ်တို့ ကျောင်းမှာ၊ ကိုငယ့်ကိုကြိုက်တဲ့ မိန်းမတွေ အများကြီးရှိမှာပဲနော်"

ဟု မန်းကမေးလျှင် ကိုငယ်က ရယ်မောနေတတ်သည်။ ကိုငယ် ရယ်မောလျှင် မန်းက ကမ္ဘာလောကကြီးတစ်ခုကို မေ့လျော့သွားလောက်အောင် သူ့ကို သိပ်ချစ်သွားတတ်ပါသည်။ အို၊ သူ့ကို ငါသိပ်ချစ်တာပဲ၊ တကယ်ပါ။ ဘာလို့ဒီလောက်ချစ်မိသွားမှန်းလည်း ကိုယ့်ကိုယ်ကို မသိတော့ပါဘူး။ ကိုငယ်ကို ဆုံးရှုံးရမှာကို တစ်နေ့တစ်ခြားကြောက်ရွံ့စိုးရိမ်တက်လာခဲ့ပြီး ကိုငယ့်ကို ပို၍ မက်မောစွာ ဖက်တွယ်မိခဲ့ပါသည်။

"ရှိတာပေါ့၊ အစ်မကြီးတွေရော၊ ရွယ်သူတွေရော၊ ညီမလေးတွေရော၊ ကြိုက်ကြတာပေ့ါ၊ ဖုန်းတဂွမ်ဂွမ်ဆက်ကြတယ်"

"ကိုငယ်က သူတို့ကို ပြန်ကြိုက်လို့လားဟင်"

"ဘယ်ကလာကြိုက်ရမှာလဲ၊ ကိုယ့်မှာ မန်းတစ်ယောက်လုံးရှိနေတဲ့ဥစ္စာ၊ ညီမလေးကလဲကွာ၊ သဝန်မတိုစမ်းပါနဲ့"

ကိုငယ်က မန်းကို ညီမလေးလို့ တယုတယခေါ်တတ်ပါသည်။ အဲ့ဒီအခါ ကိုငယ့်ရဲ့ ညီမလေးက နားထဲတွင် စိမ့်ခနဲ့ဖြစ်သွားတတ်မြဲ။

"အင်းပါ၊ ကိုငယ့်ကို မိန်းမတွေအများကြီးက ကြိုက်ကြမှာပဲ၊ ဒါကို ညီမလေး သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကိုငယ်က ညီမလေးတစ်ယောက်တည်းကိုပဲ ချစ်ဖို့လိုတာပါ၊ ကိုငယ့်ကို မချစ်ကြနဲ့

လို့တခြားမိန်းမတွေကို တားလို့ဆီးလို့ ရမှာမှမဟုတ်တာ”

“ဒါပေ့ါ ကလေးလေးရဲ့၊ အဲ့ဒီလို နားလည်စမ်းပါ၊ ကိုယ်က ညီမလေးတစ်ယောက်ကိုပဲ ချစ်တာပါ”

ဟု နှစ်သိမ့်ဖျောင်းဖျခဲ့သည်။ ကိုယ်နဲ့အတူတူ တစ်နေရာရာကို သွားရလျှင် မန်းရဲ့ မျက်နှာကလေးမှာ မော့နေတတ်ပြီး ရင်ဘတ်ကလေးကိုကော့ထားတတ်သည်။

ကိုယ့်လက်မောင်းကို ချိတ်ပြီး

“အဲ့ဒါ၊ ငါ့ချစ်သူကွ”

လို့ ကြွားဝါတတ်တဲ့သူငယ်မ, ကလေးလိုပြုံးတတ်သေးသည်။ ကိုယ်က တနလာင်္ာဖြစ်သည်မို့၊ တနလာင်္နေ့တိုင်း ဘုရားအတူတက်လေ့ရှိသည်။ အဲ့ဒီအခါ ကိုယ်က ဖြူဖွေးတောက်ပနေသည့် ရှပ်အင်္ကျီအဖြူရောင်ကလေးနှင့်၊ မန်းကလည်း အဖြူရောင်အင်္ကျီဖားဖားရှည်ရှည်ကလေးနှင့်ဆင်တူဝတ်ကြသည်။

ကိုယ်က တစ်ခါတစ်ခါ မန်းကို သူ့ဆေးရုံကို ခေါ်သွားတတ်သည်။ သူ့ကို စာသင်တာကို မန်းကနကန်းတစ်လုံးမှမသိပေမယ့်၊ သိချင်ဟန်ဆောင်ထားသောမျက်နှာနှင့် နားထောင်ရသည်။ တစ်ခါတစ်ရံ ရိုးကောလ်ခိုးထူးပေးရသည်။ တစခါတစ်ခါ ဆရာက စာလှမ်းမေးတာခံရသည်။ အဲ့ဒီအခါ ကိုယ့်လက်ကိုဖမ်းဆွဲကာ အီးခနဲငိုချလိုက်ချင်စိတ်ပေါက်သည်။ ဆရာကလည်း မန်းကိုမှ စာရွှးမေးရတယ်လို့၊ ရက်စက်ရန်ကော။ ကိုက ရှေ့ကလူရဲ့ခေါင်းနဲ့ကွယ်ကာ အဖြေကိုရွတ်ပြလျှင် ဘာမှမသိဘဲ ကြားရတဲ့အတိုင်း ကဘောက်တိကဘောက်ချာ ပြန်ရွတ်ပစ်လိုက်သည်။ တစ်တန်းလုံးက အကြောင်းသိတွေဖြင့်သဖြင့် ပြုံးစိစိ။ မန်းကတော့ မျက်နှာပြောင်ပြောင်ပင်။ နဂိုကတည်းကမှ ဗရုတ်ခပ်ကျကျ မိန်းကလေးမဟုတ်လား။ ကို့ကိုအဲ့ဒီလောက်ချစ်ခဲ့တာဖြစ်သည်။ ကိုနှင့်တစ်ရက်မတွေ့ရရင် မနေနိုင်ချေ

ဖုန်းထဲကနေ ကို့အသံကလေး တစ်ရက်မကြားရရင် မနေတတ်တော့ချေ။

ကိုယ်နှင့် တစ်ရက်မတွေ့ရလျှင် နောက်တစ်နေ့မှာ အကြီးအကျယ် စိတ်ကောက်သောင်းကြန်းပစ်တော့သည်။ ကိုယ်က ချော့လို့မဆုံးရတော့ပေ။ ကိုယ်နှင့် မန်းတို့စုံတွဲကိုကြည့်ပြီး သူငယ်ချင်းတွေက အားကျကျေနပ်မဆုံးကြချေ။

သိပ်ချစ်တတ်ကြတဲ့ စံပြစုံတွဲကလေးဟု အမည်တပ်ပေးခဲ့ကြရတဲ့အထိ ကိုယ်နဲ့ မန်းရဲ့ ချစ်သူဘဝက ပျော်ရွှင်ကျေနပ်စရာတွေနှင့် အတိပြီးခဲ့ရပါသည်။

*